# တောင်ကုန်းပေါ်က အိမ်ကလေး




နွန်းသည် သူ၏ မိသားစုနှင့်အတူ အရှေ့တောင်အာရှရှိ ရွာငယ်ကလေးတွင် နေထိုင်ပါသည်။ ထိုရွာရှိ လူအများကဲ့သို့ပင် သူ၏ မိသားစုဝင်များမှာလည်း လယ်သမားများပင်ဖြစ်သည်။ တောင်ကုန်းထိပ်တွင်ရှိသော နွန်းတို့၏အိမ်မှလွဲ၍ ကျန်ရွာသားများ၏အိမ်သည် ၎င်းတို့၏ လယ်ကွင်းများ နံဘေးရှိ လွင်ပြင်ကျယ်တွင် တည်ရှိပါသည်။

နွန်းတို့ မိသားစု၏ လယ်ကွင်းသည် အခြားသူများကဲ့သို့ မြေပြန့်တွင် တည်ရှိသည့်အတွက် သူ၏ မိခင်နှင့်ဖခင်တို့သည် နေ့စဉ် အလုပ်လုပ်ရန်အတွက် ထိုတောင်ကုန်းကိုအတက်အဆင်းပြုလုပ်ရသည်။ကောက်ရိတ်ချိန်တွင် ၎င်းတို့သည် ကောက်လှိုင်းစပါးများကို တောင်ပေါ်ရှိ ၎င်းတို့၏ စပါးကျီသို့ သယ်ဆောင်ရပါသည်။ ထို့အတူ ကျောင်းသည်လည်း တောင်အောက်ရှိ မြေပြန့်တွင် တည်ရှိသောကြောင့် နွန်းသည် နံနက်တိုင်း တောင်အောက်သို့ဆင်း၍ ကျောင်းသွားကာ ညနေတိုင်း တောင်ပေါ်သို့တက်၍ အိမ်ပြန်ရပါသည်။

တစ်နေ့တွင် ထိုအကြောင်းနှင့် ပတ်သက်၍ နွန်းသည် သူ၏ဖခင်အား ပြောပါသည်။ "ဒါတော့ မတရားဘူးအဖေရာ၊ ကျွန်တော်က နေ့တိုင်း တောင်တက်တောင်ဆင်းလုပ်ရတယ်။ ကျွန်တော့် သူငယ်ချင်းတွေက မလုပ်ရဘူး။ ဘာဖြစ်လို့ ကျွန်တော်တို့ဟာ ဒီတောင်ကုန်းပေါ်မှာ လာနေရတာလဲ?"

နွန်း၏ ဖခင်က သူ့အား ပြန်မဖြေမီ အချိန်အနည်းငယ် စဉ်းစားလိုက်ပါသည်။ "ဘာဖြစ်လို့ တို့တတွေ ဒီမှာလာနေရသလဲဆိုတာတော့ အဖေ သေချာမသိဘူး။ ငါတို့ အိမ်ကလေးဟာ မျိုးဆက်များစွာ ဒီနေရာမှာ တည်ရှိခဲ့တယ်။ တို့အိမ်ကလေး ဒီတောင်ကုန်းပေါ်မှာရှိလို့ အဖေက ကျေးဇူးတော်ကို ချီးမွမ်းတယ်။ ဒီလိုတွေးကြည့်လိုက်စမ်းပါ။ ငါတို့ဟာ မနက်မှာ နေထွက်လာတာကို ပထမဆုံးမြင်ရတဲ့သူတွေဖြစ်ပြီး ညနေပိုင်း နေဝင်ချိန်ကို နောက်ဆုံးထိ မြင်ရသူတွေဖြစ်တယ်။"

သို့သော် ဤအဖြေက နွန်းအတွက် သိပ်အဓိပ္ပါယ်မရှိဘူး။ "ဒါပေမယ့် ကျွန်တော်တို့ဟာ သူများတွေထက် အလုပ်ကို ကြိုးစားရတယ်။ ပြီးတော့ ကျွန်တော်ဟာ သူငယ်ချင်းတွေထက် ပိုဝေးဝေးလမ်းလျှောက်ရတယ်။ ဒါတော့ မတရားဘူးဗျာ"။

"အို ဒါပေမယ့် ငါတို့ ဒီလို မပြောသင့်ဘူး။" ဟု နွန်း၏ ဖခင်က ပြန်ပြောပါသည်။ "ဘုရားသခင်က ငါတို့ကို ဒီနေရာ ပေးထားလို့ ငါတို့ဟာ ဒီအတွက် ကျေးဇူးတော်ကို ချီးမွမ်းသင့်တယ်"။

နွန်းသည် ယခုထိ လက်ခံခြင်း မရှိသေးပါ။ သူသည် မြေပြန့်လွင်ပြင်တွင် နေထိုင်ရလျှင် ကောင်းမည်ဟု ဆန္ဒပြုလျက်ရှိသည်။

ဤသို့ စကားစမြည်ပြောဆိုပြီးနောက် မကြာမီ တစ်နေ့တွင် တိမ်တိုက်များသည် နွန်း၏ ရွာအပေါ်၌ စုစည်းလာပါသည်။ ထိုအချိန်ကား စပါးရိတ်ပြီး ရက်သတ္တပတ်အနည်းငယ်အကြာတွင်ဖြစ်ရာ ရွာသွားများသည် သိုလှောင်ထားသော စပါးများအတွက် စိတ်ပူပန်လျက် ကောင်းကင်သို့သာ ကြည့်နေရပါသည်။ ရာသီဥတုမှာ ပို၍ ဆိုးဝါးလာပါသည်။ ကောင်းကင်မှာ ပို၍ မဲမှောင်လာပါသည်။ထို့နောက်မိုးရွာချလာပြီး မစဲနိုင်တော့ပါ။ မိုးအဆက်မပြတ် ရွာပြီးရင်း ရွာလာသောကြောင့် အိမ်များနှင့် လယ်ကွင်းများမှာ ရေလွှမ်းမိုးသွားပြီး ကောက်လှိုင်းများနှင့် သိုမှီးထားသော စပါးများပါ ဆုံးရှုံးသွားခဲ့ပါသည်။ ရွာသားများအားလုံး ထွက်ပြေးလာကြသည့် တောင်ကုန်း ထိပ်ပေါ်ရှိ နွန်းတို့၏ အိမ်ကလေးတစ်လုံးသာလျှင် ခြောက်သွေ့လျက် ရှိနေပါသည်။ သူတို့အားလုံးသည် တောင်ကုန်းပေါ်ရှိ နွန်းတို့၏ အိမ်ကလေးနှင့် ထိုနေရာ၌ သိုလှောင်ထားသော ဆန်များကို စားရသောကြောင့် ကျေးဇူးများစွာတင်ကြလေသည်။

နွန်း၏ဖခင်က သူ့ကို ကြင်နာသောမျက်လုံးဖြင့် ကြည့်၍ပြောသည်မှာ "အခု တောင်ကုန်းပေါ်မှာရှိတဲ့ ငါတို့ရဲ့ အိမ်ကလေးအတွက် မင်းကျေးဇူးတော်ကို ချီးမွမ်းရဲ့လား?"

နွန်းသည် မလုံမလဲဖြင့်ပြုံးကာ ခေါင်းညိတ်လိုက်ပါသည်။

မကြာခဏဆိုသလို ကျွန်ုပ်တို့သည် အချို့သော ဆင်းရဲဒုက္ခများ (သို့) သွေးဆောင်မှုများကို ခံစားရသည့် ဘဝအတွက် ဘုရားသခင်သည် မတရားပါဟု စောဒကတက်ကြပါသည်။သို့သော် ကျွန်ုပ်တို့သည် ဘုရားသခင်က ကျွန်ုပ်တို့၏ဘဝအတွင်းသို့ ဝင်ရောက်လာစေသည့် မည်သည့်ကိစ္စမျိုးကိုမဆိုလက်ခံပြီး ထိုအတွက်ကျေးဇူးတော်ကို ချီးမွမ်းမည်ဆိုလျှင် သူသည်အပေါ်ယံအားဖြင့် ဆင်းရဲ ဒုက္ခ(သို့)အဟန့်အတားဟု ထင်ရသော ကျွန်ုပ်တို့၏ ပြဿနာများကို ကျွန်ုပ်တို့နှင့် သူတစ်ပါးတို့အတွက် အသက်ကယ်ဆယ်မည့် အရာများအဖြစ် ပြောင်းလဲပေးနိုင်ကြောင်းကို တစ်နေ့တွင် ကျွန်ုပ်တို့ တွေ့မြင်ရပါလိမ့်မည်။

By Colin C.Bell

သင်၌ မိုးတိမ်မရှိဘဲ ငွေရောင်အနားကွပ်များ ရှိမည်မဟုတ်ပါ။ - **Angela Carter (1940-1992)** ဗြိတိသျှစာရေးဆရာမ

ပျော်ရွှင်မှုဆိုသည်မှာ သင်လုပ်သည့်အရာပင်ဖြစ်သည်။ အချို့သောသူများသည် အခက်အခဲများနှင့် အတားအဆီးများအလယ်တွင် မယုံနိုင်စရာ ရွှင်လန်းတက်ကြွနေကြပြီးအချို့သူများမှာမူ အသေးငယ်ဆုံး အဆင်မပြေမှုများကိုပင် ညည်းညူတတ်ကြပါသည်။ ကပ်ဒုက္ခ (သို့) ပြဿနာဟု ထင်ရသောအရာများ၏ အကောင်းဘက်ကို ကြည့်သောသူများသည် ဘဝအသက်တာ၏ အရည်အသွေးပိုင်းတွင် သူတစ်ပါးထက်သာလွန်အောင် လုပ်ဆောင်နိုင်သောသူများဖြစ်သည်။ ထိုသူတို့၏ အကောင်းမြင်စိတ်ထားကြောင့် ထွန်းလင်းတောက်ပမှုသည် အခြားသူများ၏လမ်းကို ရှင်းလင်းစေလိမ့်မည်။

**- Chloe West**